## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၁) မှကောက်နုတ်ချက်

နေပြည်တော်၊ ၂၀၂၁ ခုနှစ် မတ်လ (၁) ရက်နေ့

- မြန်မာ့အားကစားအား စနစ်ကျပြီး အဆင့်မီသည့် အားကစားဖြစ်စေရန် ကြိုးပမ်းအားထုတ်၍ အာဆီယံပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားပေးဆောင် ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မား ရေးဆိုသည့် ကျန်းမာရေးဦးတည်ချက်ပါရှိကြောင်း၊
- ကျန်းမာရေးအထောက်အကူ ဖြစ်စေရန်အတွက် တစ်နိုင်ငံလုံးအနေအထားဖြင့် အားကစားပွဲများကို ပြန်လည်ကျင်းပရန်လိုအပ်ကြောင်း၊
- မိမိတို့နိုင်ငံ၏ အမျိုးသားအားကစားတွင် မြန်မာ့သိုင်းအားကစားနည်းကို ထည့်သွင်းရန်လိုအပ်ကြောင်း ယင်းအားကစားနည်းမှာ အပိုပစ္စည်းမလိုအပ်ပဲ အားကစားပြုလုပ်နိုင်သည့် ကိုယ်ခံပညာ အားကစားနည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ ရိုးရာအားကစားနည်းများကိုလည်း အားပေးရန်လိုအပ်ပါကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၅/၂၀၂၁) မှကောက်နုတ်ချက်

နေပြည်တော်၊ ၂၀၂၁ ခုနှစ် ဧပြီလ (၂၂) ရက်နေ့

- မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှစ၍ အားကစားပြိုင်ပွဲများတွင် အားကစားအောင်မြင်မှုများ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း များစွာကျဆင်းခဲ့ကြောင်း၊
- အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းသည် စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊
- အားကစားနှင့်ပတ်သက်၍ မိမိတို့သက်ဆိုင်ရာ ဝန်ကြီးဌာနများ အလိုက် အားပေးဆောင်ရွက်ခြင်းဖြင့် အားကစားကဏ္ဍတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည့်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၆/၂၀၂၁) မှကောက်နုတ်ချက်

နေပြည်တော်၊ ၂၀၂၁ ခုနှစ် မေလ (၆) ရက်နေ့

- အားကစားကဏ္ဍနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍသည် ကျဆင်းလျက် ရှိသဖြင့် တိုးတက်စေရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊
- အားကစားသမားများ စွမ်းရည်တိုးတက်စေရေးအတွက် အားပေးရန်လိုအပ်သကဲ့သို့ အားကစားကွင်းများ၊ အားကစားရုံများနှင့် နည်းစနစ်များကောင်းမွန်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊
- အားကစားသမားများ ကြံ့ခိုင်မှုရှိစေရေး ကြံ့ခိုင်ရေးနည်းပြများ၊ နည်းစနစ်ပိုင်းအတွက် နည်းစနစ်ဆိုင်ရာနည်းပြများဖြင့် စနစ်တကျလေ့ကျင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊
- အားကစားဆိုင်ရာလေ့ကျင့်ခန်းများအား အောက်ခြေမှစ၍ စနစ်တကျဖြင့် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်မီ အားကစားကွင်းများနှင့် မိုးလုံလေလုံ အားကစားရုံများ၊ ရေကူးကန်များအား ဖြည့်ဆည်းတည်ဆောက်ပေးခြင်း၊
- အားကစား ကဏ္ဍတိုးတက်စေရေး အားပေးခြင်းများဆောင်ရွက်၍ မြန်မာ့အားကစားကဏ္ဍ တစ်ခေတ်ဆန်းစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- ဝန်ကြီးဌာနများ အနေဖြင့်လည်း ဌာနအလိုက် အားကစားပွဲများ ကျင်းပဆောင်ရွက်သွားကြစေလိုကြောင်း၊
- SEA Game ပြိုင်ပွဲများတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း ပိုမိုမြင့်မားစေရေး အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- ပြည်သူများ စိတ်လက်ချမ်းသာစွာ လေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရေး လမ်းလျှောက်ရေိယာများအား မြို့များတွင် ဖော်ဆောင်ပေးရန်လိုပါကြောင်း။

## “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူမှု တတိယတစ်လတာခရီး” ခေါင်းစဉ်မှ ကောက်နုတ်ချက်

၂၀၂၁ ခုနှစ် မေလ (၇) ရက်နေ့

- ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၅/၂၀၂၁) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားခဲ့ရာမှာ- အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်းနဲ့ စိတ်ဓာတ် အရည်အသွေး မြင့်မားလာစေဖို့ နည်းလမ်းများ၊ အစီအမံများ ရေးဆွဲခဲ့ကြပါကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၀/၂၀၂၁) မှကောက်နုတ်ချက်

နေပြည်တော်၊ ၂၀၂၁ ခုနှစ် မေလ (၁၀) ရက်နေ့

- အားကစားကဏ္ဍနှင့်ပတ်သက်ပြီး မြန်မာ့အားကစား ပြန်လည်မြှင့်တင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီးဖြစ်ကြောင်း၊
- တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ပွဲကြည့်စင်နှင့် မီတာ (၄၀၀) ပြေး လမ်းပါ ဘောလုံးကွင်းများ တည်ဆောက်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မိုးလုံလေလုံအားကစားရုံများ၊ ဒိုင်ဗင် ထိုးစင်ပါ ရေကူးကန်များ တည်ဆောက်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊
- အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း မြင့်မားလာစေရန် အားကစားသမားများအတွက် ကြံ့ခိုင်ရေးနည်းပြများနှင့် အားကစားစနစ်နည်းပြများ ခန့်အပ်ပြီး လေ့ကျင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊
- ပြည်သူလူထုကျန်းမာရေး လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်များအလိုက် လမ်းလျှောက်နိုင်သည့် ဧရိယာများသတ်မှတ်ပြုလုပ်ပေးရန် လိုအပ်ကြောင်း၊
- စာသင်ကျောင်းများတွင် အားကစားနည်းပြကာယဆရာများခန့်အပ်နိုင်ရေးအတွက် သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များတွင် ကာယဆရာများ ပိုမိုလေ့ကျင့်မွေးထုတ်ပေးရမည်ဖြစ်ကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာမှကောက်နုတ်ချက်

နေပြည်တော်၊ ၂၀၂၁ ခုနှစ် မေလ (၁၇) ရက်နေ့

- မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက်လည်း ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပြီး အားကစားအောင်မြင်မှုများမှတစ်ဆင့် အမျိုးသားရေး စိတ်ဓာတ်ခိုင်မာမြင့်မားရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊
- တိုင်းဒေသကြီး၊ ပြည်နယ်နှင့်မြို့နယ်အလိုက် မီတာ (၄၀၀) ပြေးလမ်းပါ အားကစားကွင်းများ တည်ဆောက်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊
- မန္တလေးမြို့ရှိ အားကစားရုံ၊ ကွင်းများအား သွားရောက် ကြည့်ရှု၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာမှကောက်နုတ်ချက်

နေပြည်တော်၊ ၂၀၂၁ ခုနှစ် မေလ (၃၁) ရက်နေ့

- မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍသည် ရှေးယခင်က ထိပ်တန်းအဆင့်တွင် ရှိခဲ့သော်လည်း ယခုနောက်ပိုင်းတွင် အာဆီယံအဆင့်၌ပင် နိမ့်ကျလျက်ရှိကြောင်း၊
- အားကစားသည် ချက်ချင်းဆောင်ရွက်၍မရဘဲ အချိန်ယူ၍ ဆောင်ရွက်ရကြောင်း၊
- အားကစားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားကစားသမားများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားနည်းစနစ်များသာမက အားကစားကွင်းများ၊ အားကစားရုံများသည်လည်း အဆင့်အတန်းမီစွာ ရှိရမည်ဖြစ်ကြောင်း၊
- ထို့ကြောင့် နိုင်ငံတော်မှ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အားကစားကွင်းများ၊ မိုးလုံလေလုံအားကစားရုံများနှင့် အဆင့်မီရေကူးကန်များအား ဖြည့်ဆည်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊

- အားကစားကွင်းများနှင့် အားကစားရုံများတည်ဆောက်ရာတွင်လည်း သတ်မှတ်ချက်များနှင့် အညီ စနစ်တကျဖြင့် တည်ဆောက်ရန်လိုကြောင်း၊
- အားကစားသည် ကျန်းမာရေးကိုသာမက နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ကိုပါ မြှင့်တင်ပေးနိုင်ကြောင်း၊ ထို့ကြောင့် အားကစားကဏ္ဍမြှင့်တင်ပြီး နိုင်ငံ၏ဂုဏ်ကို မြှင့်တင်ရန် လိုကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆) လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၂၁ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်

နေပြည်တော်၊ ၂၀၂၁ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့

- ကျန်းမာရေးဆိုရာမှာလည်း အားကစား၊ ကြံ့ခိုင်ရေးတို့နဲ့ဆက်စပ်နေပါတယ်။ အားကစား မြှင့်တင်ခြင်းဟာ နိုင်ငံ့ဂုဏ်ကို တက်စေပါတယ်။ ကာယစွမ်းပကားသာမက စိတ်ဓာတ်စွမ်းပကားပါ မြှင့်တင်ပေးတာပါ။ ကိုဗစ်ကြောင့် ကန့်သတ်မှုများ ရှိနေပေမဲ့လည်း အားကစားမြှင့်တင်ရေး မျက်ခြည်မပြတ်ကြည့်ပြီး ဆောင်ရွက်ပေးနေပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသအားလုံးမှာ အားကစားကွင်း၊ အားကစားရုံများ အဆင့်မီမီရှိရေး ဆောင်ရွက်နေပါတယ်။ အားကစားမြှင့်တင်မယ်ဆို လူငယ်တွေရဲ့ အင်အားဟာ အဓိကကျတဲ့အတွက် လူငယ်နဲ့အားကစားကဏ္ဍကို အားပေးဆောင်ရွက်ပါမယ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည့်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၃/၂၀၂၁) မှကောက်နုတ်ချက်

နေပြည်တော်၊ ၂၀၂၁ ခုနှစ် ဩဂုတ်လ (၇) ရက်နေ့

- နိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာ ရပ်တည်မှုတွင် အားကစားကဏ္ဍသည် အရေးကြီးကြောင်း၊
- တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးတွင် အားကစားရုံများ၊ အားကစားကွင်းများနှင့် ရေကူးကန်များ တည်ဆောက်ပေးရန် စီစဉ်လျက်ရှိကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ အားကစားလေ့ကျင့်ရေးစခန်းသို့ ရောက်ရှိစဉ် မှာကြားချက်

နေပြည်တော်၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလ (၁၇) ရက်နေ့

- ပြင်ဦးလွင်မြို့သည် မြို့တည်သက်တမ်းနှစ်ပေါင်း ၁၀၀ ကျော်ရှိပြီး သမိုင်းကြောင်း အစဉ် အလာ ရှိသည့် မြို့ဖြစ်သည်နှင့်အညီ မြို့၏အဆင့် ဂုဏ်သိက္ခာနှင့်လျော်ညီသည့် အားကစားကွင်းတစ်ခု ဖြစ်စေရေး၊ ပရိသတ်များ အဆင့်မီမီ ကြည့်ရှုနိုင်ရေး၊
- အားကစားသမားများ အရည်အသွေးပြည့်မီစွာ လေ့ကျင့်နိုင်စေရေး အားကစားကွင်းများတွင် ရှိသင့်ရှိထိုက်သည့် စံနှုန်းများနှင့်အညီ ထည့်သွင်းတွက်ချက် အဆင့်မြှင့်တင် ရန်လိုအပ်သည့် အခြေအနေများအား မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ပြည်နယ် အားကစားကွင်းသို့သွားရောက်စဉ် ပြောကြားချက်

နေပြည်တော်၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလ (၁၈) ရက်နေ့

- ဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသကဲ့သို့ အားကစားကဏ္ဍမြင့်မားရေး အတွက်လည်း လုပ်ဆောင်ရန်လိုကြောင်း၊
- အားကစားဆောင်ရွက်ခြင်းသည် သာမန်ကြည့်မည်ဆိုပါက လူတစ်ဦးတစ်ယောက်၊ လူတစ်စု၏ အားကစားဖြစ်သော်လည်း အားကစားဖွံ့ဖြိုးသည့် တိုင်းပြည်တစ်ခု၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်း ဆိုင်ရာတို့ကို များစွာဖွံ့ဖြိုးတိုးတက်စေနိုင်သဖြင့် အားကစားကို အားပေးရန်လိုကြောင်း၊
- တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အားကစားကွင်းများကို အဆင့်မြှင့်တင်ပေးလျက်ရှိသဖြင့် အားကစားပြုလုပ်သူ၊ လေ့ကျင့်သူများအပြင် စနစ်တကျအားပေးသည့် ပရိသတ်များရှိရန် လိုအပ် မည်ဖြစ်ကြောင်း၊
- အစားအစာကို ပြည့်ဝစွာစားသုံးပါက ကိုယ်ခံအားကောင်းမည်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှား အားကစား ဆောင်ရွက်ပါက ကျန်းမာကြံ့ခိုင်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊
- ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း။

## အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည့် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) မှကောက်နုတ်ချက်

နေပြည်တော်၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလ (၂၂) ရက်နေ့

- ကျန်းမာသန်စွမ်းမှ အလုပ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင် ရေးအတွက် မြန်မာ့အားကစားအပါအဝင် အားကစားကို စိတ်ဝင်စားသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ် ရေးကို အားပေးမြှင့်တင်ပေးကြရန် မှာကြားလိုပါ ကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားပြိုင်ကွင်းသို့ ကြည့်ရှုစစ်ဆေးစဉ် မှာကြားချက်

ရန်ကုန်မြို့၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလ (၇) ရက်နေ့

- အောင်ဆန်းအားကစားပြိုင်ကွင်းသည် နှစ်ပေါင်း ၁၁၂ နှစ် ရှိပြီဖြစ်ပြီး ယခင်က အရှေ့တောင် အာရှတွင် အကောင်းဆုံးဖြစ်ခဲ့သည့် သမိုင်းဝင်အားကစားပြိုင်ကွင်း တစ်ခုဖြစ်ကြောင်း၊
- အားကစားဝင်းအား ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်ရာတွင် နိုင်ငံတကာ အဆင့်မီပွဲများ ကျင်းပနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊
- တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယာဉ်များရပ်နားရန်အတွက် နေရာများ၊ ပရိသတ်များ ဝင်/ထွက် သွားလာမှု အဆင်ပြေစေရေးအတွက် ခုံးကျော်တံတားများနှင့် မြေအောက် လမ်းကူးလူသွားဥမင်များ၊ ဘတ်စ်ကားမှတ်တိုင်များ ထည့်သွင်းတည်ဆောက်ရန်လိုအပ်ကြောင်း၊
- တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်ကာလတွင် လက်ရှိအားကစားကွင်း၌ လေ့ကျင့် ရေးဆောင်ရွက်နေသော အားကစားသမားများ အားကစားနည်းများအလိုက် လေ့ကျင့်ရေး ဆောင်ရွက်နိုင်ရန် နေရာများ ကြိုတင်စဉ်းစားဆောင်ရွက် ထားရန်လိုကြောင်း။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံပွဲမှ နိဂုံးချုပ်အမှာစကားကောက်နုတ်ချက်

ရန်ကုန်မြို့၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလ (၁၀) ရက်နေ့

- အားကစားကဏ္ဍဖွံ့ဖြိုးရေးအတွက်လည်း အားကစားကွင်းများနှင့် အားကစားရုံများကို နိုင်ငံတကာ အဆင့်မီတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း။